# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့ (22-11-2011) (၆၉၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်း

**၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်**
**တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။)**
**၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ်၆။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်

# မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကိုကြိုဆိုကြောင်း ဂျပန်ဝန်ကြီးချုပ်က ဆွေးနွေး အာဆီယံဆက်သွယ်ပေါင်းစည်းရေးနှင့် ဆက်စပ်လျက် မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များတွင် ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး အကူအညီများပေးစေလိုပါက ကူညီလိုပါကြောင်း ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များ (၁၄)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၂၂-၁၁-၂၀၁၁ [အင်္ဂါနေ့]။

# အကျိုးရလဒ်ကောင်းများဖြစ်ထွန်းသည့် အာဆီယံထိပ်သီးအစည်းအဝေးများ

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာလ ၁၇ ရက်မှ ၂၀ ရက်နေ့အထိ သွားရောက်ခဲ့ပြီး အာဆီယံ-တရုတ်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ-တရုတ် ဗဟိုဌာန ဖွင့်ပွဲအခမ်းအနား၊ (၁၄)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံ-ကိုရီးယားသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အာဆီယံ-တရုတ်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်တို့က တရုတ်နှင့် အာဆီယံဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ကြပြီး အနာဂတ်အလားအလာများကိုလည်း ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ကြသည်။

ထိုအစည်းအဝေးတွင် အာဆီယံဆက်သွယ်ပေါင်းစည်းမှု စီမံကိန်းနှင့်ပတ်သက်၍ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတိုးနှုန်းသက်သာသည့်ချေးငွေ အမေရိကန်ဒေါ်လာ (၄) ဘီလီယံ အပါအဝင် အမေရိကန်ဒေါ်လာ (၁၀) ဘီလီယံ ထည့်ဝင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ကြေညာသွားခဲ့သည်။ ထို့အတူ ပင်လယ်ရေကြောင်းဆိုင်ရာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုအတွက် ယွမ်ငွေ (၃) ဘီလီယံ ထည့်ဝင်ရန်နှင့် ၂၀၁၂ ခုနှစ်ကို သိပ္ပံနှင့် နည်းပညာနှစ်အဖြစ်သတ်မှတ်ပြီး သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ကို တရုတ်နိုင်ငံက အဆိုပြုတင်ပြခဲ့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တရုတ်နိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုများကို ကြိုဆိုကြောင်း ပါဝင်ဆွေးနွေးရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် (၁၄)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက အာဆီယံ-ဂျပန်ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ကြပြီး အနာဂတ်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ကြိုဆိုပါကြောင်း၊ အာဆီယံ ဆက်သွယ်ပေါင်းစည်းရေးနှင့် ဆက်စပ်လျက် မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များတွင် ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး အကူအညီများပေးစေလိုပါက ကူညီလိုပါကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် မြှင့်တင်ဆောင်ရွက်စေလိုပါကြောင်း၊ အာဆီယံ၏ တာဝန်ရှိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရေးကို ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်လိုပါကြောင်းတို့ကို မြန်မာနိုင်ငံအပေါ် အလေးထားပြီး မိတ်ဆွေကောင်းပီသစွာ ပြောကြားသွားခဲ့သည်။

(၁၄)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက အာဆီယံ+၃ ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ကြပြီး အနာဂတ်အလားအလာများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထိုအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်မှုအောက်တွင် (၁၀)ကြိမ်မြောက် အရှေ့အာရှဖိုရမ် အစည်းအဝေးကို အိမ်ရှင်အဖြစ် ၂၀၁၂ ခုနှစ်တွင် လက်ခံသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

သို့ဖြစ်ရာ ကျင်းပခဲ့သော (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများတွင် အာဆီယံ-တရုတ်၊ အာဆီယံ-ဂျပန်၊ အာဆီယံ-ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးများကိုပါ ကျင်းပခဲ့ရာ၌ အာဆီယံနိုင်ငံများသာမက တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကလည်း မြန်မာနိုင်ငံ၏ သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြု လက်ခံခဲ့ကြပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဆွေကောင်းပီသစွာ အလေးထားဆွေးနွေးခဲ့ကြသည်။ ထို့ကြောင့် အာဆီယံနိုင်ငံများနှင့်တကွ ဆွေးနွေးဖက်မိတ်ဆွေနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ်ထားရှိသော စေတနာကောင်းများသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းရေးအတွက် အထောက်အပံ့ကောင်းများသာ ဖြစ်ပါကြောင်း ကြေးမုံက ရှုမြင်ပါသည်။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၁-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "တဏှာရေစီးနောက် မျှောမနေကြနဲ့" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၃၃)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၈)**
၈း၄၀ မြန်မာပြည်သိန်းတန် နှုတ်ဆက်ဂီတညချမ်းဂီတဖျော်ဖြေပွဲ (Part-5)
၉း၃၀ Cartoon Show Time
၉း၅၅ အထက ကည္ဟတ်ကွင်း၏ အာစရိယပူဇော်ပွဲ
၁၀း၁၀ ပန်းကလေးများ၏ဦးညွတ်ပွဲ
၁၀း၂၅ မင်္ဂလာတရားနှင့် ပြည့်စုံစွာဆင်နှင်းကျေးရွာမှ စိန်ရတုဂုဏ်ပူဇာ
၁၀း၃၅ Celebrity Style
၁၀း၅၅ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၁၁း၁၀ [Champion Construction (မုံရွာ) Champion Vocalist Contest 2011 & Product Exhibition]
၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၇)**
၁၂း၀၅ သင်ကြားရေးလမ်းညွှန်
၁၂း၃၀ ဓမ္မရတနာသာသနာ့ရိပ်သာမှ သာဓုခေါ်စေရာ အဘိဓမ္မာအခါတော်နေ့မှာ
၁၂း၄၅ ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကဓရဆရာတော်ကြီး နှစ်တစ်ရာပြည့် အထိမ်းအမှတ် (အပိုင်း-၄)
၁း၀၀ "တဏှာရေစီးနောက် မျှောမနေကြနဲ့" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရယ်စရာဗေးရှင်း
၂း၅၀ မြန်မာ-မလေးရှား စက်မှုပြပွဲ ၂၀၁၁ ၏ အောင်မြင်မှု မှတ်တိုင်တစ်ခု
၃း၀၀ ဆေးရေးချိတ်ခေတ်ဆန်းချိန်ခါ မြန်မာ့ရွှေလက်ရာ
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၃)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၈)**
၄း၅၀ ဝါတွင်းကာလရဟန်းတော်များ ဝိပဿနာပညာသင်တန်း
၅း၀၀ မြတ်ဆရာပူဇော်ကန်တော့ပန်း အထက(၂)ဗဟန်း
၅း၁၅ Road to Alex Birthday Show
၅း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၇)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၃၄)**
၇း၁၅ မြန်မာပြည်သိန်းတန် နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ပွဲ (Part-6)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Celebrity Choice
၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၉)**
၁၀း၂၀ The Champion of Dance
၁၀း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၈)**
၁၁း၃၀ အနုပညာမိုးကောင်းကင်
၁၁း၅၅ စိန်တို့ရဲ့ကမ္ဘာစိန်ဧကရာဇ်ပါ
၁၂း၀၀ World of Knowledge
၁၂း၅၀ ပြင်ဦးလွင်ရဲ့ရွှေခြသေ့်
၁း၀၅ အများမြင်စရာနှစ်ပါးသဘင်မဟာ
၁း၅၀ ဆိုးဆေးသုံးအစားအစာများ (ဒေါက်တာဝင်းသိန်း၊ ဖြိုးပိုပို)
၂း၁၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
၂း၃၀ ကျန်းမာလှပတဲ့ဘဝ ပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
၂း၅၀ ဒစ်ဂျစ်တယ်အလှကမ္ဘာ
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ **လှေကားသုံးထစ်ဆင်းတဲ့အခါ**
၄း၁၅ ရှုမငြီးဖွယ်စုံညီ. . . ထားဝယ်မြို့ဂုဏ်ရည်
၄း၃၀ အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
၄း၄၅ ကပ်လျူပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ် စေတီတော်ဝယ်
၅း၀၀ အစီအစဉ်ပြီး။

## နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၁ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီမံကြီးကြပ်မှုနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့် မဟာမဲခေါင်ဒေသ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍ၊ သမမျှတသည့် စီမံခန့်ခွဲမှုစနစ်၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ရည်မှန်းချက်အပေါ် ဆန်းစစ်လေ့လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ၏အခန်းကဏ္ဍ၊ အထူးစီမံကိန်းများ တီထွင်ကြံဆရေးဆွဲမှုဆိုင်ရာ ခေါင်းစဉ်များကို အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ ပြည်တွင်းမှကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးမည့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၁ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ ရတနာသီယံဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူတက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းမှ President Mr. Yuji TAKAGI က အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဒေါက်တာ ဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ဌေးနှင့် ဦးစိုးဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်တွင်းပြည်ပပညာရှင်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ အလယ်အလတ်အဆင့် အရာထမ်းကိုယ်စားလှယ် ၉၀ တက်ရောက်ကြပြီး နိုဝင်ဘာ ၂၅ ရက် အထိ ငါးရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## ခေတ္တလမ်းပိတ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်မည်ဖြစ်သည်။ ပင့်ဆောင်မည့်လမ်းများမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်လမ်း၊ ထိုမှ ကမ္ဘာအေးစေတီလမ်းအတိုင်း မဟာပါသာဏလိုဏ်ဂူတော်အထိဖြစ်ရာ နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲမှ ပင့်ဆောင်ပြီးစီးသည့်အချိန်အထိ ပြည်လမ်း (လေဆိပ်လမ်းဆုံမှ ရှစ်မိုင်လမ်းဆုံအထိ) နှင့် ကမ္ဘာအေးစေတီလမ်း (ရှစ်မိုင်လမ်းဆုံမှ ပါရမီလမ်းဆုံအထိ) လမ်းများကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ အသုံးပြုသွားလာကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၁၁-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၅ ၅။ မြန်မာ့ရှုခင်း
၄း၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၅၆)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Guide For You
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်ခွန်းဖွဲ့ သီချစ်သူဆီ (အပိုင်း-၂၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ သီချင်းလက်ဆောင်
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ ခွန်အား (အပိုင်း-၁၁)**
၂၅။ Mini Series

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၉၀၀ | ၀. ၀၃၂၀၆ |
| တရုတ် (ယွမ်) | ၆. ၃၅၂၁၀ | ၀. ၁၅၇၄၃ |
| အိန္ဒိယ (ရူပီး) | ၅၂. ၀၇၄၀ | ၀. ၀၁၉၂၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၃၈၀ | ၀. ၃၁၄၀၉ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၂၉၉ | ၀. ၇၆၇၄၇ |
| ဂျပန် (ယန်း) | ၇၆. ၈၈၈၇ | ၀. ၀၁၃၀၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၂. ၆၉ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၄၃၃၀ | ၁. ၃၄၅၃၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၉၃၄ | ၁. ၅၆၄၁၀ |

*အင်တာနက်။*

## ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)နှစ်ပတ်လည်တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲ နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းပြက္ခဒိန်ကို အခမဲ့ဝေငှ၍ အသင်း၏ ပထမအကြိမ်နှစ်ပတ်လည်မဂ္ဂဇင်းကိုလည်း ငွေကျပ်တစ်ထောင်ဖြင့်သာ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ရန်ကုန်မြို့နေ ကျောင်းသား၊ ကျောင်းသူများ၊ အသက် (၇၅) နှစ်နှင့်အထက် သက်ကြီးပူဇော်ခံပုဂ္ဂိုလ်များအနေဖြင့် ဥက္ကဋ္ဌ ဖုန်း-၀၉-၈၀၂၄၂၅၀၊ အထွေထွေအတွင်းရေးမှူး ဖုန်း-၀၉-၈၆၁၄၀၁၂၊ ၀၉-၅၁၇၀၃၂၉ တို့သို့ ဆက်သွယ်သတင်းပေးပို့ကာ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ယိုရှီဟီကိုနိုဒါအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန်ကိစ္စနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများပေးအပ်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယိုရှီဟီကိုနိုဒါအား နိုဝင်ဘာ ၁၈ ရက် ညနေ ၆ နာရီတွင် ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC),Uluwatu 4ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Tsuyoshi Saito၊ ဝန်ကြီးချုပ်၏ အကြံပေး Mr. Shunichi Mizuoka၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ၊ ဂျပန်နိုင်ငံက မြန်မာနိုင်ငံတွင် နှစ်နိုင်ငံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန်ကိစ္စနှင့် ဂျပန်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများပေးအပ်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)





### ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယိုရှီဟီကိုနိုဒါအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယိုရှီဟီကိုနိုဒါအား ဘာလီမြို့ရှိ Bali Nusa Dua Convention Centre(BNDCC), Uluwatu 4 ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

❖ ကျောဖုံးမှ

အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ ဘားရက်အိုဘားမား၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတတို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံသမ္မတတို့သည် အာဆီယံ-အမေရိကန် ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ကာ အနာဂတ်အလားအလာများအပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အမေရိကန်သမ္မတက ဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ကြိုဆိုပါကြောင်းနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အား မြန်မာနိုင်ငံသို့ မကြာမီ ကာလအတွင်း စေလွှတ်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ယင်းပြောကြားချက်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး လာရောက်မည့်ကိစ္စကို ကြိုဆိုပါကြောင်း၊ သမ္မတအိုဘားမား၏ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်ပေါ်နေမှုများကိုလည်း လျော့နည်းပြေပျောက်သွားအောင် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ ၎င်းကြေညာချက်တွင် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ရေးကို အထောက်အကူပြုမည့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိုကြိုဆိုကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု၊ ဒီမိုကရေစီနည်းလမ်းကျပြီး ပွင့်လင်းသော နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်တို့ ဆက်လက်၍ တိုးတက်လာမှုများအတွက် အားပေးကြောင်းနှင့် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ဆက်လက်ထိတွေ့မှုနှင့် အမေရိကန်ပြည်ထောင်စု၏ မူဝါဒဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် အထူးကိုယ်စားလှယ်ကို မကြာမီက ခန့်ထားမှုများကို ကြိုဆိုပါကြောင်း ဖော်ပြပါရှိသည်။ (သတင်းစဉ်)

### အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၁**

ယနေ့နံနက် ၉ နာရီ ၄၆ မိနစ် ၅၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၁၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဟုမ္မလင်းမြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၂၀ ခန့် အကွာ) နေရာကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

### တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၁**

တရုတ်-မြန်မာ နှစ်နိုင်ငံ သတင်းနှင့် စာနယ်ဇင်းအခန်းကဏ္ဍ ဖလှယ်ရေး အစီအစဉ်အရ တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာသမဂ္ဂ Liaoning Journalists Association ၏ အထွေထွေအတွင်းရေးမှူး Ms. GUO Yingyan ခေါင်းဆောင်သည့် သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ လှည့်လည်လေ့လာရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)



**တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာသမဂ္ဂ Liaoning Journalists Association ၏ အထွေထွေအတွင်းရေးမှူး Ms. GUO Yingyan ခေါင်းဆောင်သည့် သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

## မဲခေါင်ဒေသအတွင်း မဲခေါင်မြစ်တစ်လျှောက်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၈ ရက် ည ၇ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Ayodya Hotel, Samudra ခန်းမ၌ကျင်းပသည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာယိုရှီဟီကိုနိုဒါ၊ မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ဂျပန်နိုင်ငံနှင့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံနှင့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များသည် မဲခေါင်ဒေသအတွင်း မဲခေါင်မြစ်တစ်လျှောက်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ပြီး ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ယိုရှီဟီကိုနိုဒါတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ကိုရီးယားသမ္မတနိုင်ငံ သမ္မတအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာလီမြောင်ဘတ်အား နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 1 ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ လီမြောင်ဘတ်အား ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 1 ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)




အင်ဒိုနီးရှားသမ္မတနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံတို့မှ ခေါင်းဆောင်များ၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်၊ နယူးဇီလန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၏ အထူးကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 5 ခန်းမ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။**

အဆိုပါညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံခေါင်းဆောင်များဖြစ်ကြသည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်းဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ယိုရှီဟီကိုနိုဒါ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာလီမြောင်ဘတ်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ ဘားရက်အိုဘားမား၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် H.E. Ms. Julia Gillard၊ နယူးဇီလန်နိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲများ၏ အထူးကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ အာဆီယံနိုင်ငံများမှဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီး၊ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ် အင်ဒိုနီးရှားယဉ်ကျေးမှုအဖွဲ့က အဆိုအကများနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။** (သတင်းစဉ်)






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတုတ္ထအကြိမ် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးသို့ တက်ရောက်

## အာဆီယံ-ကုလသမဂ္ဂ ဆက်ဆံရေးအား ပြန်လည်သုံးသပ်ကာ အနာဂတ်အလားအလာများအပေါ် ဆွေးနွေး အာဆီယံနှင့် ကုလသမဂ္ဂအကြား အလုံးစုံမိတ်ဖက်ဆက်ဆံရေး ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့

နေပြည်တော် နိုဝင်ဘာ ၂၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali International Convention Centre (BICC), Nusantara-3 ခန်းမ၌ ကျင်းပသည့် စတုတ္ထအကြိမ် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။**

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူ သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတ နိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တက်ရောက်လာကြသူများသည် အာဆီယံ-ကုလသမဂ္ဂ ဆက်ဆံရေးအား ပြန်လည်သုံးသပ်ကာ အနာဂတ်အလားအလာများအပေါ် ဆွေးနွေးခဲ့ကြပြီး အာဆီယံနှင့် ကုလသမဂ္ဂအကြား အလုံးစုံမိတ်ဖက်ဆက်ဆံရေးပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

ထို့အပြင် ခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

# ကယားပြည်နယ်မှ လေ့လာရေးတောင်သူ ၂၇ ဦး တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းကို ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းအတွင်းရှိ တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း၌ ကယားပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးပိုးရယ်ရန်အောင် ဦးဆောင်သော လေ့လာရေးတောင်သူ ၂၇ ဦးအား တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများ၊ စပါးသီးနှံ၊ ကြံသီးနှံ စိုက်ခင်းများကို လည်းကောင်း၊ ချိုင်းရှာ တောင်သူပညာပေး ဧက ၅၀ စိုက်ခင်း၌ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စိုက်ပျိုးထားသော သက်တမ်း ၂၁ ရက်သားအရွယ်ရှိ စပါးပျိုးပင်များအား ချက်ချင်းနုတ်၊ ချက်ချင်းစိုက် စိုက်ပျိုးနေမှုနှင့် စနစ်တကျ စိုက်ပျိုးထားသော နဂါးမောက်ပင်များကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ် သစ်တပ်ရွာရှိ စက်မှုလယ်ယာစနစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာ ဧက ၃၀ စိုက်ကွင်းရှိ ခေတ်မီစပါးအခြောက်ခံစက်၊ စပါးသိုလှောင်ရုံ၊ လယ်ယာသုံး စက်ကိရိယာများနှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ရှိ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးစပါးဧက ၁၀၀ မျိုးစေ့ထုတ် သုတေသနစိုက်ကွင်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းအတွင်းရှိ တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း၌ ကယားပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးပိုးရယ်ရန်အောင် ဦးဆောင်သော လေ့လာရေးတောင်သူ ၂၇ ဦးအား ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား လက်ခံတွေ့ဆုံ

## ကုလသမဂ္ဂ-မြန်မာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ပင်ထားရှိမှုများ လျှော့ချရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား နိုဝင်ဘာ ၁၉ ရက် နံနက် ၇ နာရီတွင် ခေတ္တတည်းခိုသည့် Nikko Bali Hotel & Resort ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် မစ္စတာ ဘန်ကီမွန်းတို့သည် ကုလသမဂ္ဂ-မြန်မာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ပင်ထားရှိမှုများ လျှော့ချရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား ဘာလီမြို့ရှိ Nikko Bali Hotel & Resort ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)





**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲများကို ရှမ်းပြည်နယ် ဂနိုင်ရေးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုဝင်ဘာ ၂၀ ရက်တွင် ပအိုဝ်းဒေသအသင်းက တာချီလိတ်ခရိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့တွင် ဓနုဒေသအသင်းနှင့် မိုင်းဖြတ်ခရိုင်အသင်းတို့သည် လည်းကောင်း၊ မူဆယ်ခရိုင်အသင်းနှင့် လားရှိုးခရိုင်အသင်းတို့သည်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၂-၁၁-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
၈:၀၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၉။ အကပြိုင်ပွဲ
၈:၁၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၁၁။ "တက္ကစီမီတာသင်လိုရာ"
၈:၄၀ ၁၂။ International News
၈:၄၅ ၁၃။ တေးဂီတအစီအစဉ်
၉:၀၀ ၁၄။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၃၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာအထူးပြုများ) (စီးပွားရေးပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅:၂၀ ၈။ "ရတနာစုံညီနေပြည်တော်ဆီ"
၅:၄၀ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၁၉)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၂)**
၂၀။ **အိန္ဒိယရုပ်ရှင် "မာနခဲ"(ဇာတ်သိမ်းပိုင်း)**
၂၁။ အစီအစဉ်ပြီး၏။



☆ **ရှေ့ဖုံးမှ**

ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC) ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ-တရုတ် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ-တရုတ်ဗဟိုဌာန ဖွင့်ပွဲအခမ်းအနား၊ (၁၉)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ+ကိုရီးယားသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေးနှင့် (၁၄) ကြိမ်မြောက် အာဆီယံ+ ၃ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

**အာဆီယံ-တရုတ်**

ရှေးဦးစွာ အာဆီယံ-တရုတ် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို နံနက် ၈ နာရီခွဲတွင် BNDCC,Nusa Dua 3 ခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ် နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

အစည်းအဝေးမစတင်မီ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်တို့သည် အာဆီယံ-တရုတ်ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် တရုတ်နိုင်ငံက အာဆီယံ ဆက်သွယ်ပေါင်းစည်းမှု စီမံကိန်းနှင့်ပတ်သက်၍ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေ အမေရိကန်ဒေါ်လာ ၄ ဘီလီယံအပါအဝင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ထည့်ဝင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့အတူ ပင်လယ်ရေကြောင်းဆိုင်ရာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုအတွက် ယွမ်ငွေ ၃ ဘီလီယံ ထည့်ဝင်ရန်နှင့် ၂၀၁၂ ခုနှစ်ကို သိပ္ပံနှင့် နည်းပညာနှစ်အဖြစ် သတ်မှတ်ပြီး သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်တို့ကို တရုတ်နိုင်ငံက အဆိုပြုတင်ပြခဲ့သည်။

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပါဝင်ဆွေးနွေးရာတွင် တရုတ်နိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုများကို ကြိုဆိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနှင့် တရုတ်ခေါင်းဆောင်များသည် အာဆီယံ-တရုတ်ဆွေးနွေးဖက် ဆက်ဆံရေး နှစ်(၂၀)ပြည့်အထိမ်းအမှတ် ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ခေါင်းဆောင်များသည် နံနက် ၉ နာရီခွဲတွင် အဆိုပါခန်းမ၌ ကျင်းပသည့် အာဆီယံ-တရုတ် ဗဟိုဌာနဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**ဆိုင်းဘုတ်ဖွင့်လှစ်**

အခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်တို့က အာဆီယံ-တရုတ်ဗဟိုဌာန ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် ယင်းခန်းမ၌ (၁၄)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးကို ကျင်းပရာ နိုင်ငံတော်သမ္မတ အပါအဝင် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာယိုရှိဟီကိုနိုဒါနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် အာဆီယံ-ဂျပန်ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်က ဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေများကို ကြိုဆိုပါကြောင်း၊ အာဆီယံ ဆက်သွယ်ပေါင်းစည်းရေးနှင့် ဆက်စပ်လျက် မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များတွင် ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး အကူအညီများပေးစေလိုပါက ကူညီလိုပါကြောင်း၊ ဒီမိုကရေစီ ဖော်ဆောင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် မြှင့်တင်ဆောင်ရွက်စေလိုပါကြောင်း၊ အာဆီယံ၏ တာဝန်ရှိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရေးကို ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်လိုပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

**ပူးတွဲကြေညာချက်**

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် အာဆီယံ-ဂျပန် ဗျူဟာမြောက် မိတ်ဖက်ဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာ ပူးတွဲကြေညာချက်နှင့် အာဆီယံ-ဂျပန်ဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး လုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅) ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့ကြသည်။

ယင်းနောက် နံနက် ၁၁ နာရီ ၃၅



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ခေါင်းဆောင်များ အာဆီယံ- တရုတ်ဗဟိုဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)




## အာဆီယံ-တရုတ်အ
## ထိပ်သီးအစည်းအဝေ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၉**
**အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့**

မိနစ်တွင် အဆိုပါခန်းမ၌ အာဆီယံ-ကိုရီးယားသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ လီမြောင်ဘတ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**ပြန်လည်သုံးသပ်**

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် အာဆီယံ-ကိုရီးယားဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

**နေ့လယ်စာသုံးဆောင်**

ယင်းနောက် အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် BNDCC, Nusa Dua 2 ခန်းမ၌ ကျင်းပသည့် အာဆီယံ+၃ နိုင်ငံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ (၁၄)ကြိမ်မြောက် အာဆီယံ-တရုတ် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာလီမြောင်ဘတ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)






# အာဆီယံ-တရုတ်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး တက်ရောက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံ-တရုတ် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

အနာဂတ်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်က ဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေများကို ကြိုဆိုပါကြောင်း၊ အာဆီယံ ဆက်သွယ်ပေါင်းစည်းရေးနှင့် ဆက်စပ်လျက် မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များတွင် ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး အကူအညီများပေးစေလိုပါက ကူညီလိုပါကြောင်း၊ ဒီမိုကရေစီ ဖော်ဆောင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် မြှင့်တင်ဆောင်ရွက်စေလိုပါကြောင်း၊ အာဆီယံ၏ တာဝန်ရှိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရေးကို ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်လိုပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

## ပူးတွဲကြေညာချက်

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် အာဆီယံ-ဂျပန် ဗျူဟာမြောက် မိတ်ဖက်ဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာ ပူးတွဲကြေညာချက်နှင့် အာဆီယံ-ဂျပန်ဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး လုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅) ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့ကြသည်။

ယင်းနောက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် အဆိုပါခန်းမ၌ အာဆီယံ-ကိုရီးယားသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ လီမြောင်ဘတ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

## ပြန်လည်သုံးသပ်

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် အာဆီယံ-ကိုရီးယားဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

## နေ့လယ်စာသုံးဆောင်

ယင်းနောက် အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် BNDCC, Nusa Dua 2 ခန်းမ၌ ကျင်းပသည့် အာဆီယံ+၃ နိုင်ငံများ၏ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ နေ့လယ်စာစားပွဲသို့ တက်ရောက်ကြပြီး နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

## အာဆီယံ+၃

ထို့နောက် မွန်းလွဲ ၂ နာရီတွင် (၁၄)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံ+၃ ဆက်ဆံရေး၏ နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

## အမြင်ချင်းဖလှယ်

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် အာဆီယံ+၃ ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

## လက်ခံကျင်းပမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်မှုအောက်တွင် (၁၀)ကြိမ်မြောက် အရှေ့အာရှဖိုရမ် အစည်းအဝေးကို အိမ်ရှင်အဖြစ် ၂၀၁၂ ခုနှစ်အတွင်း လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## ဥပဒေကြမ်း(၁)ခုနှင့်စပ်လျဉ်း၍ အသိပေး၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်သွင်း၊ ဥပဒေကြမ်း(၁)ခုအား ဆွေးနွေးအတည်ပြု

နေပြည်တော် နိုဝင်ဘာ ၂၁

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး(၄၉)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၅)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခုနှင့်စပ်လျဉ်း၍ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာတင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၁)ခုအား ဆက်လက်ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဥပဒေကြမ်း(၁)ခုနှင့် စပ်လျဉ်း၍ အသိပေးခြင်းကဏ္ဍ** တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော **လယ်ယာမြေဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က နိုဝင်ဘာ ၁၆ ရက်တွင် လက်ခံရရှိကြောင်းနှင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေဖြင့် အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး နိုဝင်ဘာ ၂၂ ရက် ညနေ ၃ နာရီ နောက်ဆုံးထားပြီး ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။

**ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍ**တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၉-၂၀၁၁ ရက်စွဲပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၁)၊ (၄၀/၂၀၁၁)တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက တင်သွင်းသည်။

ထိုသို့တင်သွင်းရာတွင် ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၄ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာများထုတ်ပြန်ထားပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၁)တွင် အခန်း(၉)ခန်း၊ အပိုဒ်ပေါင်း(၃၂)ခု၊ အမိန့်ကြော်ငြာစာအမှတ် (၄၀/ ၂၀၁၁)တွင် အခန်း(၈)ခန်း၊ အပိုဒ်ပေါင်း(၂၄)ခုပါရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် မြေအသုံးပြုခွင့်နှင့် နိုင်ငံခြားငွေဆိုင်ရာအမိန့်ကြော်ငြာစာများကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးထားသည့်အချက် (၁၂)ချက်အပေါ်တွင်အခြေခံပြီး (၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိ၊ (၂) တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းရှိ၊ မရှိ၊ (၃) ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းခြင်းရှိ၊ မရှိ၊ (၄) နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို ဖြစ်ထွန်းဖော်ဆောင်နိုင်မှု ရှိ၊ မရှိတို့ကို အဓိကလေ့လာသုံးသပ်စိစစ်ခဲ့ကြပါကြောင်း။

ပြည်ထောင်စုအစိုးရကပေးပို့လာသော "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့်အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၁)နှင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၄၀/၂၀၁၁)" တို့ကို ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့လွှဲအပ်ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအတည်ပြုပြဋ္ဌာန်းရန် လိုအပ်ကြောင်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းကရှင်းလင်းတင်ပြရာတွင် ၁၉၇၂ ခုနှစ်က ဆွီဒင်နိုင်ငံ၌ ကုလသမဂ္ဂကကြီးမှူး၍ လူသားပတ်ဝန်းကျင်ညီလာခံကြီးကို ကျင်းပခဲ့ပြီး ကမ္ဘာတစ်ဝန်းယိုယွင်းပျက်စီးလာနေသည့် ပတ်ဝန်းကျင်အခြေအနေများကို ကမ္ဘာ့နိုင်ငံများအားလုံး ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများအကြားပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (United Nations Environment Programme-UNEP)ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး လိုအပ်သည့်နည်းပညာအကူအညီများ၊ အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများပေါ်ထွန်းလာရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိပါကြောင်း။**

၁၉၉၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ ရီယိုဒီဂျနေရိုမြို့၌ ကမ္ဘာမြေထိပ်သီးညီလာခံ (Earth Summit)ကို ကျင်းပခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန် လုပ်ငန်းကဏ္ဍပေါင်းစုံအတွက် အသေးစိတ်အစီအစဉ်များပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ၂၁ ရာစုအစီအစဉ်ကို အတည်ပြုချမှတ်ကာ နိုင်ငံအလိုက် ၂၁ ရာစုအစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ကြရန်လည်း ကမ္ဘာ့နိုင်ငံများအားလုံးသို့ တိုက်တွန်းခဲ့ပါကြောင်း။

ယင်းညီလာခံအပြီးနောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံအများအပြား၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ စီမံထိန်းသိမ်းဆောင်ရွက်ရန်အတွက် နိုင်ငံအဆင့်အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်လာခဲ့ကြပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ ပြဋ္ဌာန်းထားရှိမှုကိုတင်ပြလိုပါကြောင်း။

**မလေးရှားနိုင်ငံသည် ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာဥပဒေကို ၁၉၇၄ ခုနှစ်တွင် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၁၉၇၇ ခုနှစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံသည် အမျိုးသားပတ်ဝန်းကျင်အရည်အသွေးမြှင့်တင်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေး အက်ဥပဒေကို ၁၉၉၂ ခုနှစ်တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဥပဒေကို ၁၉၉၃ ခုနှစ်တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးဆိုင်ရာဥပဒေကို ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတများစီမံခန့်ခွဲရေးဥပဒေကို ၁၉၉၆ ခုနှစ်တွင် လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဥပဒေကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကာကွယ်ရေးအက်ဥပဒေကို ၁၉၈၆ ခုနှစ်တွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေကို ၁၉၈၉ ခုနှစ်တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေကို ၁၉၉၅ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း။**

မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမူကြမ်းကို ၁၉၉၈ ခုနှစ်မှ စတင်ရေးဆွဲခဲ့ပါကြောင်း၊ ရေးဆွဲရာတွင် ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်ထံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကျွမ်းကျင်သူများ၏ အကြံဉာဏ်ရယူပြီး မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ပညာရှင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ပညာရှင်များစုပေါင်းပြီး ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေးဆွဲရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေကို မူတည်ပြီး လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်နိုင်မည့် အနေအထားအရ ရေးဆွဲခဲ့ပါကြောင်း၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပပြီး ချပြဆွေးနွေးခဲ့ပါကြောင်း၊ ရေးဆွဲမည့် လုပ်ငန်းအဖွဲ့ကိုလည်း သီးသန့်ဖွဲ့စည်းသတ်မှတ်ကာ အချိန်ယူဆောင်ရွက်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါကြောင်း၊ သို့ရာတွင် နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များကိုထောက်ထား၍ ပြဋ္ဌာန်းရန် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံမှအပ အခြားအာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအားလုံးတွင် လွန်ခဲ့သော (၁၀)နှစ်ကျော်ခန့်ကတည်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများပြဋ္ဌာန်းထားရှိ ပြီးဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရန်လိုအပ်နေပါကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးပါကလည်း လိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များရေးဆွဲချမှတ်ရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာစံချိန်စံနှုန်းများသတ်မှတ်ရန်အတွက် အချိန်အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ယနေ့အချိန်အခါတွင် ဥပဒေပြဋ္ဌာန်းနိုင်ခြင်းမရှိပါက အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လည်းကောင်း၊ အာဆီယံအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့်နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်းကောင်း image ကောင်းရန်လိုအပ်နေပြီဖြစ်ပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းရေးအတွက် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခြင်း၊ အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်လာပြီဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရန် တင်ပြရခြင်းဖြစ်ပါကြောင်း။



**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၉)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။**
(သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပတ်ဝန်းကျင်မူဝါဒ (၁၉၉၄)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမြန်မာနိုင်ငံ ၂၁ ရာစုအစီအစဉ်(၁၉၉၇)နှင့် အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (၂၀၀၉)တို့ကို ရေးဆွဲချမှတ်ထားပြီးဖြစ်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံယန္တရားတစ်ရပ်ဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို မဖြစ်မနေ ပြဋ္ဌာန်းဆောင်ရွက်ရန်လိုအပ်နေပါကြောင်း။

**အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေး၊ လူမှုရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အမျိုးသားအဆင့်တွင် လက်တွေ့ဆောင်ရွက်မှုများအဖြစ်သို့ ပြောင်းလဲပို့ဆောင်ပေးသည့် ယန္တရားတစ်ခုဖြစ်ပါကြောင်း၊ ပိုမိုကောင်းမွန်သန့်ရှင်းသော ပတ်ဝန်းကျင်၊ သဘာဝသယံဇာတများလုံခြုံမှုနှင့် စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှုဘက်စုံအချိုးညီစေရန်အတွက်ဆောင်ရွက်သူများကို အာမခံချက်ပေးပါကြောင်း၊ မူဝါဒများ၊ အစီအစဉ်များကို ဥပဒေအရ ကျောထောက်နောက်ခံပေးခြင်းဖြင့် တရားမျှတမှု၊ အချိုးညီမျှမှုနှင့် အကာအကွယ်ပေးမှုများရရှိစေပါကြောင်း၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ရေးရာစီမံခန့်ခွဲမှု၌ အစိုးရ၏ စီမံဆောင်ရွက်မှုများတွင် ပြည်သူလူထုပူးပေါင်းပါဝင်လာရေးအတွက် ပံ့ပိုးဆက်သွယ်ဆောင်ရွက်ပေးပါကြောင်း။**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူညီချက်အများအပြားတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ကွန်ဗင်းရှင်းပါ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ အမျိုးသားဥပဒေများသည် အပြည်ပြည်ဆိုင်ရာစံနှုန်း၊ တာဝန်များကို ရုပ်လုံးပေါ်စေမည်ဖြစ်ရာ ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများနှင့် တစ်ဆက်တစ်စပ်တည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ မဖြစ်မနေပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်းကို ဖော်ညွှန်းလျက်ရှိနေပါကြောင်း။

ဆင်းရဲမှုသည် ပတ်ဝန်းကျင်ယိုယွင်းရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ပါကြောင်း၊ ချို့တဲ့သည့် ပြည်သူများသည် ၎င်းတို့၏ ဘဝရှင်သန်ရပ်တည်ရေး အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးအတွက် ပတ်ဝန်းကျင်ကို အထူးမှီခိုအားထားနေကြရသဖြင့် ယင်းအသက်မွေးဝမ်းကျောင်းမှုများက ပတ်ဝန်းကျင်ကို ယိုယွင်းပျက်စီးစေပြီး အဆိုပါယိုယွင်းပျက်စီးနေသောပတ်ဝန်းကျင်က ဆင်းရဲမှုကိုဖြစ်ပေါ်စေကာ ဆင်းရဲမှုသံသရာလည်ပတ်နေခြင်းဖြစ်ပါကြောင်း။

ထို့အပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပတ်ဝန်းကျင်အပေါ် အလွန်အမင်းမှီခိုအားထားသည့် အသက်မွေးဝမ်းကျောင်းမှုများကြောင့် ယိုယွင်းပျက်စီးလျက်ရှိနေသည့် ပတ်ဝန်းကျင်အခြေအနေက ပြည်သူလူထု၏ထိခိုက်ဆုံးရှုံးနိုင်မှုအတိုင်းအတာကို တိုးတက်ကြီးမားလာစေပြီး သဘာဝဘေးမှ ကြီးမားသောဘေးဒုက္ခကပ်အဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်စေကာ ပြည်သူလူထု၏အသက်၊ အိုးအိမ်၊ စည်းစိမ်ဆုံးရှုံးမှုများနှင့် အခြားသောပတ်ဝန်းကျင်ဆိုင်ရာထိခိုက်ပျက်စီးမှုများပါ ဖြစ်ပေါ်စေခဲ့ကြောင်းကို ဆူနာမီ၊ နာဂစ်၊ တာလေငလျင်၊ ပခုက္ကူရေဘေး စသည့်သဘာဝဘေးအန္တရာယ်များက အခိုင်အမာပြဆိုထားပြီးဖြစ်ပါကြောင်း။

သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချရေး၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံကျသည့် သဘာဝသယံဇာတများ စနစ်တကျစီမံခန့်ခွဲမှုကို ဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံသဘာဝဘေးလျှော့ပါးရေးလုပ်ငန်းစီမံချက်တွင် အသိအမှတ်ပြုဖော်ပြထားသည်ဖြစ်ရာ သဘာဝသယံဇာတများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ရန်အတွက်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမဖြစ်မနေပြဋ္ဌာန်း ဆောင်ရွက်ရန်လိုအပ်နေပါကြောင်း။

**လက်ရှိဆောင်ရွက်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများသည် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲခဲ့ကြသဖြင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများနှင့်အတူ ပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ယင်း၏နောက်ဆက်တွဲသဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ကမ္ဘာနှင့် အဝန်းတွေ့ကြုံလျက်ရှိရာ တွေ့ကြုံမှုများမှလျော့ပါးစေရေးအတွက် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စီးပွားရေးလုပ်ငန်း၊ တစ်နည်းအားဖြင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်း (Green Economy) များတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ရပ်ကိုလည်း ၂၀၁၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း မကြာမီက Green Economy and Green Growth Forum ကျင်းပခဲ့ပြီး ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများထည့်သွင်းဆောင်ရွက်နိုင်ရန် အစီအစဉ်များ ရေးဆွဲချမှတ်ရေးအတွက် တင်ပြဆောင်ရွက်နေပြီဖြစ်ပါကြောင်း။**

မြန်မာနိုင်ငံသည် ဒေသတွင်းအခြားနိုင်ငံများနည်းတူ ထောင်စုနှစ်ရည်မှန်းချက်များ (Millennium Development Goals-MDGs) ကိုလည်း ပူးပေါင်းပါဝင်အကောင်အထည်ဖော်လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါက MDGs ၏အဓိကရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်က ဆောင်ရွက် အကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်တွင် အဓိကအခြေခံတစ်ရပ်အဖြစ်ပါဝင်သည့် ပတ်ဝန်းကျင်ကောင်းမွန်ရေး၊ သယံဇာတများရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အောင်မြင်ရန်အတွက်လည်းကောင်း စိန်ခေါ်မှုများကိုရင်ဆိုင်ရန်ရှိနေမည်ဖြစ်ပါကြောင်း။

**ယနေ့ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံအများအပြားတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသောဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းမျိုးစုံ ပမာဏများပြားစွာတည်ရှိနေပါကြောင်း၊ ယင်းစွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံ ထိန်းသိမ်းစွန့်ပစ်ရန်မှာ စရိတ်စကလွန်စွာကြီးမားသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နည်းလမ်းမျိုးစုံဖြင့်လွှဲပြောင်းပေးခြင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါက ဖော်ပြပါဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနိုင်ငံတွင်းသို့နည်းလမ်းမျိုးစုံဖြင့်ရောက်ရှိလာနိုင်ပြီး ပြည်သူများ၏ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေနိုင်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်နှင့် ကြုံတွေ့နိုင်ပါကြောင်း၊ သို့ဖြစ်၍ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ နိုင်ငံအတွင်းသို့ရောက်ရှိလာမှုကို တားဆီးကာကွယ်နိုင်ရေးအတွက်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဥပဒေကိုမဖြစ်မနေ ပြဋ္ဌာန်းဆောင်ရွက်ရန်လိုအပ်နေပါကြောင်း။**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်းကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ နှင့် ပုဒ်မ ၃၉၀ တို့တွင် ဖော်ပြထားသည်ကို တင်ပြလိုပါကြောင်း။**

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက မူဝါဒဆိုင်ရာမိန့်ခွန်းပြောကြားရာ၌ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ရင် သစ်တောသစ်ပင်ထိန်းသိမ်းရေးကို အလေးထားမှာဖြစ်သလို လေထုညစ်ညမ်းမှုနဲ့ရေထုညစ်ညမ်းမှုများလျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

❍ စာမျက်နှာ ၁၀ မှ

ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလိုအပ်ချက်ကို ဟန်ချက်ညီညီ ထိန်းညှိဆောင်ရွက်ပေးတဲ့ မူဝါဒတစ်ရပ်ချမှတ်သွားမှာဖြစ်ပါတယ်”ဟု ထည့်သွင်းမိန့်ကြားခဲ့သည်နှင့်အညီ ခေတ်၊ စနစ်နှင့် လျော်ညီသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတစ်ရပ်ကို ရေးဆွဲချမှတ်ရန်လိုအပ်နေပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅နှင့်အညီ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်ရန်အတွက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ နိုင်ငံတော်သမ္မတရုံး၏ ၆-၉-၂၀၁၁ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၁)ဖြင့် သစ်တောရေးရာဝန်ကြီးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Environmental Conservation and Forestry)အဖြစ် အမည်ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ၎င်းအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတရုံး၏ သဘောတူခွင့်ပြုချက်အရ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက ဖွဲ့စည်းပုံစိစစ်ပြီး နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်တင်ပြထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမရှိဘဲ ဆောင်ရွက်ရန်ဖြစ်နိုင်မည်မဟုတ်ပါကြောင်း။

**ပတ်ဝန်းကျင်ယိုယွင်းမှုများနှင့် ယင်းယိုယွင်းမှုကြောင့် လူသားနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်စေမှုများသည် များသောအားဖြင့် ရေတိုကာလအတွင်းတွင် မသိသာလှဘဲ နှစ်ကာလအတန်ကြာမှသာ သိသိသာသာ သိရှိစေနိုင်ပါကြောင်း၊ သိရှိချိန်တွင်မူ ယိုယွင်းပျက်စီးမှုပမာဏကြီးမားကာ ပြန်လည်ကုစားဖြေရှင်းရန် အလွန်ခက်ခဲပြီး ကြီးမားသောဆုံးရှုံးမှုနှင့် တွေ့ကြုံလာနိုင်သဖြင့် နိုင်ငံတော်ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရရှိစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမဖြစ်မနေပြဋ္ဌာန်းဆောင်ရွက်ရေးမှာ အရေးတကြီးလိုအပ်နေပါကြောင်း။**

**နိုင်ငံတော်၏ သယံဇာတများရေရှည်တည်တံ့ရန်နှင့် ထုတ်လုပ်သုံးစွဲနိုင်ရန် အတွက် အဓိကကျောရိုးဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို တရားဝင်ပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် အဟန့်အတားမဖြစ်စေဘဲ အထောက်အပံ့သာဖြစ်စေပါကြောင်း၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ နောက်ဆုံးသဘောတူညီချက်ဖြစ်သည့် Green Inclusive Growth အရ ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း တစ်ပေါင်းတည်း ပါဝင်သည်ဆိုသည့်အယူအဆကို နားလည်လက်ခံပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ မိတ်ဖက်ဆောင်ရွက်ကြရေးကို ယခုတင်ပြထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေက ဆက်လက်ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း။**

နိဂုံးချုပ်အနေဖြင့် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ပေါ်ထွန်းလာမည့် နိုင်ငံနှင့်ပြည်သူအတွက် ရည်ရွယ်ပြုစုထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ယခုလွှတ်တော်အဆင့်ဆင့်မှ ပြဋ္ဌာန်းပေးခြင်းအားဖြင့် လွှတ်တော်များ၏ဂုဏ်သိက္ခာသည်လည်းကောင်း၊ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာသည်လည်းကောင်း များစွာတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ဥပဒေကြမ်း(၁)ခုအား ဆက်လက်ဆွေးနွေးအတည်ပြုခြင်းကဏ္ဍ**တွင် နိုဝင်ဘာ ၁၆ ရက်က အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူခဲ့သည့် **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာကော်မတီများနှင့်လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများအလိုက် ဆက်လက်ဆွေးနွေးအတည်ပြုဆောင်ရွက်ကြသည်။

အပိုဒ် ၄(က)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်နှင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းကြသည်။

သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုအား ကန့်ကွက်သူမရှိသည့်အတွက် အဆိုပြုချက်အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်က အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၉(က)မှ(ဃ)ထိ၊ အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၂၃၊ အပိုဒ် ၂၇(က)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၄၁ တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများတင်သွင်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘောတူလက်ခံပါကြောင်းဖြင့်တင်ပြသည်။ အပိုဒ် ၃၈ နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးဝင်းဦးနှင့် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာတို့က ဆွေးနွေးကြသည်။

ယင်းအပိုဒ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသည့်အတွက် ဖော်ပြပါ အဆိုပြုချက်များ အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

အလားတူ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်နှင့် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းတို့က အပိုဒ် ၉(ဈ)နှင့် အပိုဒ် ၃၆တို့နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများတင်သွင်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဦးသိန်းလွင်၏ အဆိုပြုချက်များအား ထောက်ခံပါကြောင်းဖြင့်တင်ပြသည်။

ယင်းအဆိုပြုချက်(၂)ခုနှင့် စပ်လျဉ်း၍ ထောက်ခံသူများသည့်အတွက် ဦးသိန်းလွင်၏အဆိုပြုချက်များ အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

ထို့အတူ ဥပဒေကြမ်းကော်မတီဝင်ဦးဘရှိန်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်တို့က အပိုဒ် ၄၂ နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းကြသည်။

၎င်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးတို့က ဆွေးနွေးကြသည်။

ဥပဒေကြမ်းကော်မတီ၏အဆိုပြုချက်ကို ကန့်ကွက်သူမရှိဘဲ သင့်လျော်မှုရှိသည့်အတွက် အဆို အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

ယနေ့ဥပဒေကြမ်းဆွေးနွေးအတည်ပြုခြင်းဆောင်ရွက်ရာတွင် ပြင်ဆင်ချက်မရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများအား ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

“ဥပဒေကြမ်းပါ ခေါင်းစဉ်နှင့်နိဒါန်းသည် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်” အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများတင်သွင်း၊ ဆွေးနွေးဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ လွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသော အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူဆောင်ရွက်သည်။

အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူသည့်အတွက် အတည်ပြုကြောင်းဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင်ရပ်နားပြီး အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

## (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ဝူရှူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၁**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပါလမ်ဘန်မြို့တို့၌ ၁၀ ရက်မြောက်နေ့ ဆက်လက်ကျင်းပလျက်ရှိရာ ရိုးရာလှေလှော် အားကစားပြိုင်ပွဲ မီတာ(၂၀၀၀) အမျိုးသမီးရိုးရာလှေ တက် ၂၀ လှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စံချိန် (၈ မိနစ် ၄၀ ဒသမ ၂၁ စက္ကန့်)ဖြင့် ပထမရွှေတံဆိပ်ဆွတ်ခူးရရှိပြီး ထိုင်းနိုင်ငံက ဒုတိယဆုနှင့် အင်ဒိုနီးရှားနိုင်ငံက တတိယဆုကိုလည်းကောင်း၊ မီတာ (၂၀၀၀) အမျိုးသားရိုးရာလှေ တက် ၂၀ လှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စံချိန်(၇ မိနစ် ၄၆ ဒသမ ၃ စက္ကန့်)ဖြင့် ပထမရွှေတံဆိပ် ဆွတ်ခူးရရှိကာ ဖိလစ်ပိုင်နိုင်ငံက ဒုတိယနှင့် အင်ဒိုနီးရှားနိုင်ငံက တတိယဆုကိုလည်းကောင်း၊ ဝူရှူး အားကစားနည်း အမျိုးသားနှစ်ယောက်တွဲ အတိုက်သရုပ်ပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်ဇင်သက်နှင့် ဝေဖြိုးအောင်တို့က ပထမရွှေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိပြီး ဒုတိယဆုကို ဖိလစ်ပိုင်နိုင်ငံနှင့် တတိယဆုကို စင်ကာပူနိုင်ငံက လည်းကောင်း၊ အမျိုးသမီး ဝူရှူး(၄၈)ကီလို ဆန်းဆိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လှလှဝင်းက ဒုတိယငွေတံဆိပ်ဆုရရှိပြီး ဗီယက်နမ်နိုင်ငံက ပထမဆုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံက လာအိုနိုင်ငံအား (၃)ပွဲပြတ်ဖြင့် ပထမရွှေတံဆိပ်ဆုရရှိပြီး အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဒုတိယငွေတံဆိပ်ဆု၊ ထိုင်းနိုင်ငံက ပထမဆု၊ ဖိလစ်ပိုင်နိုင်ငံနှင့် လာအိုနိုင်ငံတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိကြသည်။

နိုဝင်ဘာ ၂၁ ရက် ယနေ့ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်လေးဆု၊ ငွေတံဆိပ်နှစ်ဆု ဆွတ်ခူးရရှိပြီး နိုဝင်ဘာ ၁၁ ရက်မှ ၂၁ ရက်အထိ ရွှေတံဆိပ် ၁၆ ဆု၊ ငွေတံဆိပ် ၂၇ ဆုနှင့် ကြေးတံဆိပ် ၃၅ ဆု စုစုပေါင်း ၇၈ ဆု ဆွတ်ခူးရရှိကာ နိုင်ငံအလိုက် အဆင့်(၇)ဖြင့် ရပ်တည်လျက်ရှိသည်။

ယနေ့ည အမျိုးသား(၆၉)ကီလို ဝယ်လ်သာဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝေလင်းအောင်သည် ထိုင်းလက်ဝှေ့သမားနှင့်လည်းကောင်း၊ (၈၁)ကီလို လိုက်ဟဲဗီးဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် အောင်ကိုကိုသည် ဗီယက်နမ်လက်ဝှေ့သမားနှင့် လည်းကောင်း ဗိုလ်လုပွဲ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဝူရှူးအားကစားနည်း အမျိုးသားနှစ်ယောက်တွဲ အတိုက် သရုပ်ပြပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆု ဆွတ်ခူးရရှိသော ကျော်ဇင်သက်နှင့် ဝေဖြိုးအောင်။

**မြန်မာအမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်း အားကစားမယ်များအား ရွှေတံဆိပ်များနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)






**(၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် အထက(၁)ရောခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော အမျိုးသားနေ့အထိမ်းအမှတ် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး ဖတ်ကြားစဉ်။** (ကြေးမုံ)

## (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံများအလိုက် ဆုရရှိမှုအခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၁ | ၁၄၇ | ၁၃၆ | ၄၅၄ |
| ထိုင်း | ၁၀၅ | ၉၅ | ၁၁၈ | ၃၁၈ |
| ဗီယက်နမ် | ၉၆ | ၉၀ | ၁၀၁ | ၂၈၇ |
| မလေးရှား | ၅၉ | ၄၈ | ၇၇ | ၁၈၄ |
| စင်ကာပူ | ၄၂ | ၄၅ | ၇၃ | ၁၆၀ |
| ဖိလစ်ပိုင် | ၃၆ | ၅၆ | ၇၇ | ၁၆၉ |
| မြန်မာ | ၁၆ | ၂၇ | ၃၅ | ၇၈ |
| လာအို | ၉ | ၁၂ | ၃၆ | ၅၇ |
| ကမ္ဘောဒီးယား | ၄ | ၁၁ | ၂၄ | ၃၉ |
| တီမောလက်စ်တေ | ၁ | ၁ | ၆ | ၈ |
| ဘရူနိုင်းဒါရုဆလမ် | ၀ | ၄ | ၇ | ၁၁ |
| စုစုပေါင်း | ၅၃၉ | ၅၃၆ | ၆၉၀ | ၁၇၆၅ |

## ဗီယက်နမ်ကို ဂိုးပြတ်နိုင်ပြီး မြန်မာတတိယရ လက်ရှိချန်ပီယံမလေးရှား ချန်ပီယံဘွဲ့ ထိန်းသိမ်း

**ဂျကာတာ နိုဝင်ဘာ ၂၁**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဘန်ကာနိုကွင်း၌ ကျင်းပရာ မြန်မာအသင်းတတိယရသွားပြီး မလေးရှားအသင်း ဗိုလ်စွဲသွားသည်။

**(တတိယနေရာလုပွဲ)**

မြန်မာ - လေးဂိုး
ဗီယက်နမ် - တစ်ဂိုး

အုပ်စုတွင်း တွေ့ဆုံစဉ်က ဂိုးမရှိသရေကျထားသည့် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့မှာ ယခုပွဲတွင် အနိုင်အရှုံး သဲသဲကွဲကွဲအဖြေပေါ်ခဲ့ပြီး မြန်မာတို့ ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းမှာ အုပ်စုပွဲတုန်းကကဲ့သို့ပင် ခံစစ်ကို လုံအောင်ကစားခဲ့ပြီး တိုက်စစ်ကစားပုံများ ထိရောက်ကောင်းမွန်ခဲ့သောကြောင့် ပြတ်ပြတ်သားသား အနိုင်ရကာ တတိယရရှိသွားခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ကျော်ကိုကို၊ ကျော်ဇေယျာဝင်း တိုက်စစ်အတွဲဖြင့် အဓိကတိုက်စစ်ဆင်ခဲ့ပြီး ၃၄ မိနစ်တွင် ကျော်ဇေယျာဝင်းက ပြစ်ဒဏ်ဘောမှ တစ်ဆင့် အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဗီယက်နမ်အသင်းတိုက်စစ်ကို မြန်မာနောက်ခံလူများ အမှားအယွင်းမရှိ ကာကွယ်နိုင်ခဲ့၍ ဗီယက်နမ်အသင်း အခွင့်အရေးသိပ်မရခဲ့ပေ။

ဒုတိယပိုင်းတွင် မြန်မာအသင်း ကစားပုံ ပိုကောင်းလာပြီး အနိုင်ဂိုးများကို ၅၅ မိနစ်တွင် ကျော်ဇေယျာဝင်း၊ ၈၄ မိနစ်တွင် ကျော်ကိုကိုတို့က သွင်းယူခဲ့ပြီး တတိယဂိုးမှာ ၇၂ မိနစ်တွင် ဗီယက်နမ် နောက်ခံလူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်း ဖြစ်သည်။ ဗီယက်နမ်အတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို ၈၆ မိနစ်တွင် လီအမ်ကွမ်က သွင်းယူပေးခဲ့သည်။

**(ဗိုလ်လုပွဲ)**

မလေးရှား - ငါးဂိုး
အင်ဒိုနီးရှား - လေးဂိုး

မိနစ် ၁၂၀ အတွင်း တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရပြီး လက်ရှိချန်ပီယံမလေးရှားတို့ ဆက်လက်အောင်ပွဲခံသွားသည်။ အုပ်စုတွင်းက ရှုံးကြွေးကိုဆပ်ပြီး ချန်ပီယံဆုဖလားရယူရန် အိမ်ရှင်အင်ဒိုနီးရှားတို့ ကွင်းလုံးပြည့်ပရိသတ်အားဖြင့် ကြိုးစားခဲ့သော်လည်း ပယ်နယ်တီကံကြမ္မာဆိုးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ပယ်နယ်တီ ငါးလုံးစီကန်ရာတွင် မလေးရှားက လေးဂိုးဝင်ပြီး အင်ဒိုနီးရှားအသင်းက သုံးဂိုးသာဝင်ခဲ့၍ လက်ရှိချန်ပီယံမလေးရှားက ငါးဂိုး-လေးဂိုးဖြင့် ဗိုလ်စွဲသွားခြင်းဖြစ်သည်။

**သတင်းမှတ်စု - ရှိုင်းထက်ဇော်**

## အဘိဓမ္မာစာအောင်ဆုနှင်းမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၄)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း စာအောင်ဆုနှင်းသဘင်ကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဗဟန်းမြို့နယ် (၄၉-၅၁) ကမ္ဘာအေးစေတီလမ်း အဘိဓမ္မရတနာယရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ဘွဲ့ရစာအောင်ပုဂ္ဂိုလ်များ ဂုဏ်ပြုခံယူကြပါရန်နှင့် အသင်းသူ၊ အသင်းသား၊ အလှူ့ရှင်များ၊ စေတနာရှင်များ တက်ရောက်ကုသိုလ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တတိယအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်

## မြန်မာနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး လာရောက်မည့်ကိစ္စကို ကြိုဆို

## မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်မှုများ လျော့နည်းပြေပျောက်အောင် ဆောင်ရွက်နေကြောင်း ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 3 ခန်းမ၌ ကျင်းပသည့် တတိယအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ ဘားရက်အိုဘားမားတို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**
(အပေါ်ပုံ)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တတိယအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်စဉ်။**
(အောက်ပုံ)

